## (၂၀.၁၁.၂၀၂၀) မှ (၂၆.၁၁.၂၀၂၀) အထိ ရွှေနှင့်အမေရိကန်ဒေါ်လာ ငွေလဲလှယ်နှုန်း ပြည်တွင်းဈေးနှုန်းနှင့် ကမ္ဘာ့ဈေးကွက်အခြေအနေ သုံးသပ်တင်ပြခြင်း

ကမ္ဘာတစ်ဝန်း ဖြစ်ပေါ်နေသည့် Covid-19 ကပ်ရောဂါနှင့် ကမ္ဘာ့နိုင်ငံရေး အခြေအနေများကြောင့် ကမ္ဘာ့ရွှေဈေးသည် အပြောင်းအလဲများစွာ ဖြစ်ပေါ်လျက်ရှိသည်ကို တွေ့ရှိရပါသည်။ ကမ္ဘာ့ရွှေဈေး အပြောင်းအလဲများကြောင့် ပြည်တွင်းရွှေဈေးကွက်တွင်လည်း အပြောင်းအလဲ များစွာ ဖြစ်ပေါ်လျက်ရှိကြောင်း သိရှိရပါသည်။ ကမ္ဘာ့ရွှေဈေးသည် နိုဝင်ဘာလ ၂၀ ရက်နေ့တွင် ရွှေတစ်အောင်စလျှင် အမေရိကန်ဒေါ်လာ ၁၈၆၆ ဒေါ်လာ ပေါက်ဈေးရှိခဲ့ပြီး နိုဝင်ဘာလ ၂၅ ရက်နေ့တွင် ရွှေတစ်အောင်စလျှင် အမေရိကန်ဒေါ်လာ ၁၈၃၁ ဒေါ်လာမှ နိုဝင်ဘာလ ၂၆ ရက်နေ့တွင် ၁၈၁၁ ဒေါ်လာအထိ ပြန်လည် ကျဆင်းလာခဲ့သည်ကို တွေ့ရှိရပါသည်။

ပြည်တွင်းရွှေဈေးသည်လည်း နိုဝင်ဘာလ ၂၀ ရက်နေ့တွင် အခေါက်ရွှေ တစ်ကျပ်သားလျှင် ၁၃၀၄၀၀၀ ကျပ်ဖြစ်ပေါ်ခဲ့ပြီး နိုဝင်ဘာလ ၂၆ ရက်နေ့တွင် ၁၂၉၉၀၀၀ ကျပ်သို့ ကျဆင်းလာခဲ့ကြောင်း ဈေးကွက်အတွင်းမှ သိရှိရပါသည်။ ရွှေဈေးသည် ကမ္ဘာ့နိုင်ငံရေး အခင်းအကျင်း အခြေအနေများပေါ်တွင် များစွာ မူတည်လျက်ရှိကြောင်း သိရှိရပါသည်။

၂၀၂၀ ပြည့်နှစ် နိုဝင်ဘာလ ၂ ရက်နေ့မှ ၂၆ ရက်နေ့အတွင်း ကမ္ဘာ့ ရွှေဈေးနှင့် မြန်မာ့ရွှေဈေးအခြေအနေတို့ကို တစ်ဖက်ပါအတိုင်း လေ့လာတွေ့ရှိရပါသည်-

| စဉ် | နေ့စွဲ | ရွှေဈေးနှုန်း | |
|---|---|---|---|
| | | ကျပ် | ဒေါ်လာ |
| ၁ | ၂.၁၁.၂၀၂၀ | ၁၃၁၂၀၀၀ | ၁၈၈၄ |
| ၂ | ၃.၁၁.၂၀၂၀ | ၁၃၁၃၀၀၀ | ၁၈၉၆ |
| ၃ | ၄.၁၁.၂၀၂၀ | ၁၃၁၁၀၀၀ | ၁၉၀၂ |
| ၄ | ၅.၁၁.၂၀၂၀ | ၁၃၁၆၀၀၀ | ၁၉၀၄ |
| ၅ | ၆.၁၁.၂၀၂၀ | ၁၃၁၈၀၀၀ | ၁၉၄၄ |
| ၆ | ၉.၁၁.၂၀၂၀ | ၁၃၁၆၀၀၀ | ၁၉၅၇ |
| ၇ | ၁၀.၁၁.၂၀၂၀ | ၁၃၁၂၀၀၀ | ၁၈၈၆ |
| ၈ | ၁၁.၁၁.၂၀၂၀ | ၁၃၁၁၀၀၀ | ၁၈၈၁ |
| ၉ | ၁၂.၁၁.၂၀၂၀ | ၁၃၁၀၀၀၀ | ၁၈၆၈ |
| ၁၀ | ၁၃.၁၁.၂၀၂၀ | ၁၃၁၀၀၀၀ | ၁၈၇၉ |
| ၁၁ | ၁၄.၁၁.၂၀၂၀ | ၁၃၁၀၀၀၀ | ၁၈၉၀ |
| ၁၂ | ၁၆.၁၁.၂၀၂၀ | ၁၃၁၂၀၀၀ | ၁၈၉၇ |
| ၁၃ | ၁၇.၁၁.၂၀၂၀ | ၁၃၁၀၀၀၀ | ၁၈၈၇ |
| ၁၄ | ၁၈.၁၁.၂၀၂၀ | ၁၃၀၉၅၀၀ | ၁၈၈၀ |
| ၁၅ | ၁၉.၁၁.၂၀၂၀ | ၁၃၀၆၀၀၀ | ၁၈၅၅ |
| ၁၆ | ၂၀.၁၁.၂၀၂၀ | ၁၃၀၄၀၀၀ | ၁၈၆၆ |
| ၁၇ | ၂၁.၁၁.၂၀၂၀ | ၁၃၀၅၀၀၀ | ၁၈၇၁ |
| ၁၈ | ၂၃.၁၁.၂၀၂၀ | ၁၃၀၇၀၀၀ | ၁၈၆၈ |
| ၁၉ | ၂၄.၁၁.၂၀၂၀ | ၁၃၀၁၅၀၀ | ၁၈၃၂ |
| ၂၀ | ၂၅.၁၁.၂၀၂၀ | ၁၂၉၉၀၀၀ | ၁၈၃၁ |
| ၂၁ | ၂၆.၁၁.၂၀၂၀ | ၁၂၉၉၀၀၀ | ၁၈၁၁ |

Source: estimate of world's exchange rate and gold price page

မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ website တွင် Economic Indicator (%) ဖော်ပြချက်များအရ GDP Growth 6.80 % ၊ Annual Rate of Inflation 6.43 %၊ Year on Year Inflation 1.84 % ရှိသည်ကို လေ့လာသိရှိရပါသည်။

ပြည်တွင်းဈေးကွက်တွင် တစ်လကျော်ကြာ ငွေလဲနှုန်းတည်ငြိမ်နေပြီး အကျိုးဆောင်များအကြိုက် ဖြစ်လျက်ရှိကြောင်း ပြည်တွင်းငွေကြေးဈေးကွက်အတွင်းမှ သိရှိရပါသည်။ လက်ရှိတွင် အမေရိကန်ဒေါ်လာနှင့် မြန်မာကျပ်ငွေ လဲလှယ်မှုနှုန်းသည် ၂၀၁၆ ခုနှစ် နှစ်စပိုင်း ငွေကြေးလဲလှယ်သည့် နှုန်းထားနှင့်ဆင်တူ ဖြစ်နေကြောင်း သိရှိရပါသည်။ ပြည်တွင်း ငွေကြေးဈေးကွက်ဈေးငြိမ်နေသည်မှာ တစ်လခန့်ရှိပြီး မြန်မာနိုင်ငံတော်ဗဟိုဘဏ် ငွေကြေးလဲလှယ်သည့် နှုန်းထားမှာလည်း အမေရိကန် တစ်ဒေါ်လာလျှင် ၁၃၀၇ ကျပ်မှ ၁၃၁၄ ကျပ် ဝန်းကျင်တွင် ရှိနေပြီး ဈေးကွက်အတွင်းတွင် အမေရိကန် တစ်ဒေါ်လာလျှင် ကျပ် ၁၃၂၀ မှ ၁၃၂၅ ကျပ် ဝန်းကျင်တွင် ရှိနေသည်မှာ သုံးလ ဝန်းကျင်ခန့် ရှိနေကြောင်း ပြည်တွင်း ငွေကြေးဈေးကွက် လုပ်ကိုင်နေသူများထံမှ သိရှိရပါသည်။

ဈေးကွက်အတွင်း ဈေးငြိမ်သည်ဆိုသော်လည်း ငွေဈေး အတက်အကျမှာ ခန့်မှန်းရခက်နေကြောင်း ငွေကြေးဈေးကွက် လုပ်ကိုင်သူများက ပြောကြားကြသည်ကို သိရှိရပါသည်။ ယခုအချိန်တွင် ဒေါ်လာဝယ်လိုအား ရှိနေသော်လည်း သွင်းကုန်လုပ်ငန်းများထံမှ ဝယ်လိုအားသည် ယခင်နှစ်များထက်စာလျှင် လျော့ကျနေကြောင်း အမေရိကန်ဒေါ်လာ ဝယ်လိုအား ကျဆင်းပါက ငွေဈေးနှုန်းမှာ တစ်ဒေါ်လာလျှင် ကျပ် ၁၃၀၀ အောက်ကို ရောက်ရှိသွားနိုင်ကြောင်း ငွေကြေး အကျိုးဆောင်များက ခန့်မှန်းကြသည်ကို သိရှိရပါသည်။ အမေရိကန်ဒေါ်လာ ငွေကြေး လဲလှယ်နှုန်း သည် ဘဏ္ဍာနှစ်ကုန်ပိုင်းများတွင် ကျဆင်းတက်သည်ကိုလည်း ဈေးကွက်ဖော်ပြချက်များအရ သိရှိရပါသည်။

၂၀၂၀ ပြည့်နှစ်၊ နိုဝင်ဘာလ ၂၀ ရက်နေ့မှ နိုဝင်ဘာလ ၂၅ ရက်နေ့အထိ ရက်အလိုက် ဖြစ်ပေါ်ပြောင်းလဲခဲ့သော အမေရိကန်တစ်ဒေါ်လာနှင့် ညီမျှသောနိုင်ငံတကာ ငွေလဲလှယ်နှုန်းများကို အောက်ပါဇယားဖြင့် ဖော်ပြအပ်ပါသည်-

တစ်ပတ်အတွင်း အမေရိကန် တစ်ဒေါ်လာနှင့် ညီမျှသော နိုင်ငံတကာ ငွေလဲနှုန်းဇယား


| စဉ် | နိုင်ငံတကာ ငွေကြေးများ | | ၂၀-၁၁-၂၀၂၀ | ၂၃-၁၁-၂၀၂၀ | ၂၄-၁၁-၂၀၂၀ | ၂၅-၁၁-၂၀၂၀ | တစ်ပတ်အတွင်း ငွေလဲလှယ်နှုန်း အတက်/အကျ (%) | |
|---|---|---|---|---|---|---|---|---|
| ၁ | Myanmar | kyat | ၁၃၀၇.၉ | ၁၃၀၇.၃ | ၁၃၁၂.၅ | ၁၃၁၄.၃ | ၀.၄၉ | ↑ |
| ၂ | Thai Baht | THB | ၃၀.၂၈၅ | ၃၀.၂၈၅ | ၃၀.၃၅၀ | ၃၀.၃၅၅ | ၀.၂၃ | ↑ |
| ၃ | Singapore Dollar | SGD | ၁.၃၄၃ | ၁.၃၄၂ | ၁.၃၄၂ | ၁.၃၄၃ | ၀.၀၀ | |
| ၄ | Malaysian Ringgit | MYR | ၄.၀၉၃ | ၄.၀၉၁ | ၄.၀၈၉ | ၄.၀၈၆ | -၀.၁၇ | ↓ |
| ၅ | Indonesian Rupiah | IDR | ၁၄၁၆၅ | ၁၄၁၄၈ | ၁၄၁၅၆ | ၁၄၁၄၀ | -၀.၁၈ | ↓ |
| ၆ | Chinese Yuan | CNY | ၆.၅၆၉ | ၆.၅၆၆ | ၆.၅၇၆ | ၆.၅၇၉ | ၀.၁၅ | ↑ |
| ၇ | Indian Rupee | INR | ၇၄.၀၈၉ | ၇၄.၀၆၄ | ၇၃.၉၈၁ | ၇၃.၉၂၄ | -၀.၂၂ | ↓ |
| ၈ | Japanese Yen | JPY | ၁၀၃.၈၀၂ | ၁၀၃.၇၈၇ | ၁၀၄.၂၉၉ | ၁၀၄.၄၁၁ | ၀.၅၈ | ↑ |
| ၉ | Australian Dollar | AUD | ၁.၃၇၁ | ၁.၃၆၄ | ၁.၃၅၉ | ၁.၃၆၁ | -၀.၇၃ | ↓ |
| ၁၀ | Euro | EUR | ၀.၈၄၂ | ၀.၈၄၂ | ၀.၈၄၂ | ၀.၈၄၀ | -၀.၂၄ | ↓ |
| ၁၁ | Pound Sterling | GBP | ၀.၇၅၄ | ၀.၇၄၈ | ၀.၇၄၈ | ၀.၇၄၉ | -၀.၆၆ | ↓ |

Source- Central Bank of Myanmar

ယခုတစ်ပတ်တွင် မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ ထုတ်ပြန်ချက်အရ နိုဝင်ဘာလ ၂၀ ရက်နေ့တွင် အမေရိကန် တစ်ဒေါ်လာလျှင် ၁၃၀၇.၉၀ ကျပ် ရှိခဲ့ရာမှ နိုဝင်ဘာလ ၂၅ ရက်နေ့တွင်

တစ်ဒေါ်လာလျှင် ၁၃၁၄.၃၀ ကျပ် ဖြစ်ပေါ်ခဲ့သည်ကို တွေ့ရှိရပြီး အမေရိကန်ဒေါ်လာ ငွေလဲလှယ်နှုန်းမှာ တစ်ပတ်အတွင်း ၀.၄၉ % မြင့်တက်ခဲ့သည်ကို လေ့လာတွေ့ရှိရပါသည်။

မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ ထုတ်ပြန်ချက်အရ ၂၀၂၀ ပြည့်နှစ်၊ စက်တင်ဘာလ ၁ ရက်နေ့မှ နိုဝင်ဘာလ ၂၅ ရက်နေ့အထိ နေ့အလိုက် ဖြစ်ပေါ်ပြောင်းလဲခဲ့သော အမေရိကန်ဒေါ်လာဖြင့် ကျပ်ငွေ လဲလှယ်နှုန်း တန်ဖိုးများအား အောက်ပါဂရပ်ဖြင့် ဖော်ပြအပ်ပါသည်-




ပြည်တွင်းရှိ ပြင်ပဒေါ်လာ ငွေကြေးဈေးကွက်ကို လေ့လာရာတွင် ၂၀၂၀ ပြည့်နှစ် နိုဝင်ဘာလ ၂၀ ရက်နေ့တွင် အမေရိကန် တစ်ဒေါ်လာလျှင် ၁၃၂၄ ကျပ်၊ နိုဝင်ဘာလ ၂၃ ရက်နေ့တွင် တစ်ဒေါ်လာလျှင် ၁၃၂၁ ကျပ်၊ နိုဝင်ဘာလ ၂၄ ရက်နေ့တွင် တစ်ဒေါ်လာလျှင် ၁၃၂၅ ကျပ်၊ နိုဝင်ဘာလ ၂၅ ရက်နေ့တွင် တစ်ဒေါ်လာလျှင် ၁၃၂၃ ကျပ်နှင့် နိုဝင်ဘာလ ၂၅ ရက်နေ့တွင် တစ်ဒေါ်လာလျှင် ၁၃၂၂ ကျပ် အသီးသီး ပေါက်ဈေးများ ဖြစ်ပေါ်ခဲ့ကြောင်း လေ့လာသိရှိရပါသည်။

**ကေသွယ်(တန့်ဆည်မြေ)**

C:\Users\thinthiriaung\Downloads\Rice,Sugar\7. Golden & X- Rate (20-26).11.20.docx